

# ဂျပန်နိုင်ငံ၏ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများကို လိုက်နာကြပါစို့ (1)

| | | | |
|---|---|---|---|
|  | လူများရော ယာဉ်များပါ ရပ်တန့်ရပါမည်။ လက်ဝဲ၊ လက်ယာ ကွေ့၍ မရပါ။ |  | ဤလမ်းညွှန်းများရှိသည့် နေရာများတွင် ခေတ္တရပ်တန့်ရပါမည်။ |
|  | မီးနီဖြစ်သော်လည်း မြားဦးတည်ရာအတိုင်း ဆက်သွားနိုင်ပါသည်။ |  | |
|  | ယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရပါ။ * ယာဉ်ထဲတွင် စက်ဘီးလည်း အပါအဝင်ဖြစ်ပါသည်။ |  | ဤလမ်းညွှန်းရှိသည့်နေရာများတွင် အမြန်နှုန်းလျှော့၍ မောင်းနှင်ရပါမည်။ * အမြန်နှုန်းကန့်သတ်ချက်မှာ 10km/h နှင့်အောက်ဖြစ်ပြီး ချက်ချင်းရပ်တန့်နိုင်သည့် အမြန်နှုန်းဖြစ်ပါသည်။ |
|  | နှစ်ဘီးတပ်ယာဉ်မှအပ အခြားမော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |  | |
|  | အကြီးစား ကုန်တင်ယာဉ် စသည်တို့ ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |  | ကိန်းဂဏန်းဖြင့်ဖော်ပြထားသည့် အမြန်နှုန်းအထိသာ မောင်းနှင်ရပါမည်။ |
|  | ဤလမ်းသည် မော်တော်ကားများ အတွက်သာဖြစ်ပြီး ခြေကျင်လမ်းအသုံးပြုသူများနှင့် စက်ဘီးများ၊ စကူတာယာဉ်များ စသည်တို့ ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |  | |
|  | ဤလမ်းသည် ခြေကျင်လမ်းအသုံးပြုသူများနှင့် စက်ဘီးများအတွက်သာဖြစ်ပြီး အခြားယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရပါ။ |  | လူကူးမျဉ်းကြားတွင် ခြေကျင်လမ်းအသုံးပြုသူများ လမ်းဖြတ်ကူးနေပါက ခေတ္တရပ်တန့်ပြီး လမ်းဦးစားပေးရပါမည်။ |
|  | ဤလမ်းသည် ခြေကျင်လမ်းအသုံးပြုသူများ အတွက်သာဖြစ်ပြီး ယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |  | |



# ဂျပန်နိုင်ငံ၏ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများကို လိုက်နာကြပါစို့ (2)

| | | | |
|---|---|---|---|
|  | တစ်လမ်းမောင်းလမ်းယာဉ်ကြော၌ မြားဦးတည်ရာဘက်သို့သာ ဆက်သွားနိုင်ပါသည်။ |  | မြားဦးတည်ရာဘက်အတိုင်းသာ ယာဉ်များ ဆက်လက် သွားလာနိုင်ပါသည်။ |
|  | ဤလမ်းညွှန်းရှိသည့် ဦးတည်ရာဘက်မှ ရှေ့ဆက်သွား၍မရပါ။ |  | လမ်းဆုံတွင် ဆက်သွားမည့် ဦးတည်ရာအလိုက် သတ်မှတ်ထားသော သီးသန့်ယာဉ်ကြောမှ မောင်းနှင်ရပါမည်။ |
|  | "ဂ" ကွေ့ မကွေ့ရပါ။ |  | |
|  | |  | သတ်မှတ်ထားသော ယာဉ်များသာ အသုံးပြုနိုင်သည့် သီးသန့်ယာဉ်ကြော ဖြစ်ပါသည်။ |
|  | ရှေ့မှသွားနေသည့်ယာဉ်ကို ကျော်တက်မည့်အခါ မျဉ်းဝါ၏ပြင်ပသို့ ကျွံထွက်သွားခြင်း မပြုရပါ။ |  | |
|  | |  | ရှေ့တွင် ရထားလမ်းကူး ရှိပါသည်။ |
|  | ရပ်နားခြင်း၊ ရပ်တန့်ခြင်း မပြုရပါ။ |  | အနီးအနား၌ ကျောင်းစသည်တို့ ရှိပြီး ကလေးများ မကြာခဏ ဖြတ်သန်းသွားလာသည့် လမ်းဖြစ်ပါသည်။ |
|  | ရပ်နားခြင်းမပြုရပါ။ |  | ရှေ့တွင်လမ်းဆုံရှိသည်။ |

兵庫県警察
Hyogo Police

